Panasonic

# အသုံးပြုပုံလမ်းညွှန်

## စူပါရောနှောကြိတ်စက်

Model No. **MX-AC300**
**MX-AC220**
**MX-AC210**



Panasonic စက်ပစ္စည်းအားဝယ်ယူအသုံးပြုသည့်အတွက် ကျေးဇူးတင်ပါသည်။
ဤစက်ပစ္စည်းအားအသုံးမပြုမီ ကျေးဇူးပြု၍ အသုံးပြုပုံလမ်းညွှန်အား ဖတ်ရှုပြီး လမ်းညွှန်မှုအတိုင်း အသုံးပြုပါ။ ဤစာအုပ်ကိုလည်း နောင်တွင်ပြန်လည်ဖတ်ရှုနိုင်ရန် သိမ်းဆည်းထားပါ။
ဤစက်သည် အိမ်တွင်းသုံးသက်သက်အတွက်သာဖြစ်ပါသည်။

အကြောင်းအရာ

### အသုံးမပြုမီ


| | |
|---|---|
| ဘေးကင်းမှုအတွက် ကြိုတင်သတိပြုရန် | 2 |
| မော်ဒယ် ၃ မျိုး၏ မတူညီသောအချက်များ | 4 |
| အစိတ်အပိုင်းများအကြောင်းရှင်းပြခြင်း | |
| ဘေးကင်းမှုစနစ် | 5 |


### အသုံးပြုပုံ


| | |
|---|---|
| အစိတ်အပိုင်းများတပ်ဆင်ခြင်း။ဖြုတ်ခြင်း | 6 |
| အသုံးပြုပုံ | |
| လုပ်ဆောင်ချက်များအကြောင်းလမ်းညွှန် | 8 |


### ကြာရှည်ခံအောင်အသုံးပြုပုံ


| | |
|---|---|
| သန့်ရှင်းရေးပြုလုပ်ပုံ | 10 |
| ချို့ယွင်းချက်ဖြစ်ပေါ်ခြင်း | 11 |
| အကာအကွယ်ပေးသော ဆားကစ်ဘရိတ်ကာ | |
| ခွဲခြားရှင်းလင်းခြင်း | Back Cover |

# ဘေးကင်းမှုအတွက် ကြိုတင်သတိပြုရန်

ကျေးဇူးပြု၍ သတိပြုရန်အချက်များအားလုံးကို မှတ်သားပါ

စက်ပျက်စီးခြင်းမှကာကွယ်ရန်၊ အသုံးပြုရာတွင် ဘေးကင်းစေရန်၊ အသုံးပြုသူနှင့်အခြားသူများအတွက် အန္တရာယ်မဖြစ်စေရန် ကျေးဇူးပြု၍အောက်ပါ လမ်းညွှန်ချက်များကို သေသေချာချာဖတ်ပေးပါ။

■ အချက်ပြသင်္ကေတများသည် စက်ပစ္စည်းအညွှန်းအတိုင်းမဟုတ်ဘဲ လွဲမှားစွာ အသုံးပြုခြင်းဖြင့် ဖြစ်ပေါ်သောထိခိုက်ပျက်စီးမှုများကို ဖော်ပြသည်။

| | |
|---|---|
| WARNING ပြင်းထန်စွာဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းကိုဖြစ်စေနိုင်သော ဘေးအန္တရာယ်ကို သတိပေးသည်။ | CAUTION ဒဏ်ရာအသေးအမွှားရခြင်း သို့မဟုတ် အရာဝတ္ထုပျက်စီးခြင်းကိုဖြစ်ပေါ်စေနိုင်သော အန္တရာယ်ကိုသတိပေးသည်။ |

■ အောက်ပါသင်္ကေတများသည် တိကျစွာလိုက်နာရမည့်ညွှန်ကြားချက်များကို ဖော်ပြပေးသည်။

| | |
|---|---|
| ဤသင်္ကေတသည် တားမြစ်ခြင်းကိုဖော်ပြသည်။ | ဤသင်္ကေတသည် မဖြစ်မနေလုပ်ဆောင်ရမည်ကို ဖော်ပြသည်။ |

## WARNING

- ဤစက်ပစ္စည်းအား (ကလေးများအပါအဝင်) ခန္ဓာကိုယ်ချို့တဲ့သူများ၊ အာရုံကြောအားနည်းသူများ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာချို့ယွင်းချက်ရှိသူများ သို့မဟုတ် အသုံးပြုရန်ကြိုတင်ညွှန်ကြားပြသပေးခြင်း မပြုလုပ်ထားသူများ အသုံးပြုရန်အတွက် ရည်ရွယ်ခြင်းမဟုတ်ပါ။ ကလေးငယ်များ စက်ပစ္စည်းကို ဆော့ကစားခြင်းမပြုလုပ်ရန် စောင့်ကြည့်ကြပ်မတ်ရပါမည်။
- ခွက်ထဲရှိအစားအစာကို လက်ဖြင့်မည်သည့်အခါမျှ မထိပါနှင့်။ ဇွန်းပြားကို အသုံးပြုပါ။
- ခွက်ကိုမော်တာအိမ်ပေါ်တွင် တင်ထားပြီး အဖုံးကို မည်သည့်အခါမျှ ဖွင့်ခြင်း၊ ပိတ်ခြင်းမလုပ်ပါနှင့်။ အထူးသဖြင့် မည်သည့်အခါမျှ မဖွင့်ပါနှင့်။ ခလုတ်အား ပိတ်ပြီးသော်လည်း အတွင်းမှ ဘလိတ်သွားများသည် ဆက်လက်ရွေ့လျားနေသေးသောကြောင့်ဖြစ်ပါသည်။
- ဘေးကင်းမှုအကာအကွယ်ပင်းကို အတံ အစရှိသည့်မည်သည့်အရာနှင့်မျှ အစားထိုးဖွင့်ခြင်း မပြုပါနှင့်။
- လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းမှကာကွယ်ရန် မော်တာအိမ်ကိုယ်ထည်ကို ရေ သို့မဟုတ် မည်သည့်အရည်နှင့်မျှ မထိပါစေနှင့်။
- မည်သည့်အခါမျှ စက်ကို ဖွင့်လျက်သား မပစ်ထားပါနှင့်။
- ပါဝါမီးကြိုးကို ကွေးခြင်း၊ လေးလံစွာဖိခြင်း သို့မဟုတ် ကြိုးအစွန်းကို စားပွဲထောင့်စွန်းတွင် တွယ်ချိတ်ခြင်း သို့မဟုတ် ပူသောမျက်နှာပြင်နှင့်ထိတွေ့ခြင်းတို့ မပြုလုပ်ပါနှင့်။ ချို့ယွင်းနေသောပါဝါကြိုးနှင့် စက်ကိုအသုံးမပြုပါနှင့်။
- အခြားသီးခြားပစ္စည်းများနှင့်မဟုတ်ဘဲ ထုတ်လုပ်ညွှန်ကြားသည့်အတိုင်း တွဲလျက်ပါဝင်ပစ္စည်းများကိုသာ အသုံးပြုပါရန်။ ၎င်းသည် ဘေးအန္တရာယ်ကိုဖြစ်စေနိုင်ပါသည်။
- လုပ်ဆောင်ချက်များ ချို့ယွင်းနေသော်လည်းကောင်း၊ စက်ပစ္စည်းချို့ယွင်းနေသော်လည်းကောင်း အသုံးမပြုပါနှင့်။
- မိမိကိုယ်တိုင် စက်ကိုပြုပြင်ရန်မကြိုးစားပါနှင့် သို့မဟုတ် လုပ်ပိုင်ခွင့်မရှိသူတစ်ဦးဦးအား ပြုပြင်ရန်ခွင့်မပြုပါနှင့်။

- ပါဝါကြိုးပျက်စီးနေပါက အန္တရာယ်ဖြစ်မှုကို ရှောင်ရှားနိုင်ရန် ထုတ်လုပ်သူ၊ ဝန်ဆောင်မှုကိုယ်စားလှယ် သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသူမှ ကြိုးကို အစားထိုးလဲလည်ပေးရမည်။
- စက်၏အသုံးပြုဗို့အား၊ ပလပ်အမျိုးအစားတို့သည် မိမိ၌ရှိသောပါဝါမီးအားနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးရမည်။

- မော်တာအိမ်ကိုယ်ထည်ရှိ ဘေးကင်းမှုအကာအကွယ်ပင်းခလုတ်နှင့် ခွက်၏လက်ကိုင်အောက်ခြေတို့တွင် ပြင်ပအမှုန်အမွှားများ တွယ်ကပ်ခြင်းမှရှောင်ကျဉ်ရန် သန့်ရှင်းရေးပြုလုပ်ပါ။
- ပြင်းထန်သောထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် စက်ပျက်စီးခြင်းတို့မှ ကာကွယ်ရန် စက်အားဖွင့်၍ အသုံးပြုနေစဉ်အတွင်း လက်နှင့်အခြားအိုးခွက်များကို ဝေးဝေးတွင်ထားရမည်။ ရောနှောရာတွင်နှံ့စပ်ရန် ဇွန်းပြားယောင်းမဖြင့် စက်အား ခလုတ်ပိတ်ထားပြီးမှသာ မွှေပေးရမည်။
- ဂတ်စ် သို့မဟုတ် လျှပ်စစ်မီးဖိုတို့ကဲ့သို့သော အပူထွက်စေသည့်အရာတို့မှ ဝေးသောနေရာတွင် စက်ကိုထားရမည်။

# CAUTION

- စက်ကို မျက်နှာပြင်မညီသောနေရာတွင် မထားပါနှင့်။
- ခွက်ကို တပ်ဆင်ထားခြင်းမပြုဘဲ စက်ကိုမဖွင့်ပါနှင့်။
- ချပ်တနေခွက်သည် ချပ်တနေဘလိတ်သွားနှင့် အခိုင်အမာတွယ်ကပ်ထားပြီးဖြစ်သည်။ ဖယ်ရှားခြင်းကို မပြုလုပ်ပါနှင့်။
- ခွက်အတွင်း ဘာမျှမရှိပါဘဲ စက်ကိုမဖွင့်ပါနှင့်။
- အများဆုံးဝင်ဆန့်နိုင်သောပမာဏထက်ကျော်လွန်၍ စက်ကိုဝန်မပိုပါစေနှင့်။ (အများဆုံးဝင်ဆန့်နိုင်သောပမာဏကိုသိရန် စာမျက်နှာ ၈ တွင်ပါသော လုပ်ဆောင်မှုလမ်းညွှန်ကိုကြည့်ပါ)
- စက်လည်ပတ်နေစဉ်အတွင်း စက်ကိုနေရာမရွှေ့ပါနှင့်။

- ပလပ်နှင့်ဆော့ကက်အံဝင်မှုမဖြစ်ပါက ပါဝါကြိုးကို အသုံးမပြုပါနှင့်။
- မှန်ကန်ကိုက်ညီသောဘလိတ်သွားများကို မှန်ကန်ကိုက်ညီသောခွက်များနှင့်သာချိတ်ဆက်ပါ။ (စာမျက်နှာ ၄ တွင်ပါသော အစိတ်အပိုင်းများအကြောင်းရှင်းလင်းခြင်းကို ကြည့်ပါ)
- ထက်သောဘလိတ်ဓားသွားများကို ကိုင်တွယ်ခြင်း၊ ခွက်ကိုသွန်ခြင်းနှင့် သန့်စင်ခြင်းတို့ပြုလုပ်ရာတွင် ဂရုစိုက်ရမည်။
- ပလပ်အဖြုတ်၊အတတ် မလုပ်မီ မီးခလုတ်ပိတ်ထားကြောင်းစစ်ဆေးရမည်ဖြစ်ပြီး အစိတ်အပိုင်း တစ်ခုချင်းစီသည်လည်း အံဝင်ဂွင်ကျဖြစ်နေရမည်။
- အသုံးပြုပြီးသည့်အချိန်တိုင်း စက်ကို မီးခလုတ်ပိတ်ထားရမည်။
- ပါဝါမီးကို ဖြုတ်ရန် မီးခလုတ်ကိုပိတ်ပါ၊ ပလပ်ကိုကိုင်ပြီး ဆော့ကက်ပေါက်မှဆွဲထုတ်ပါ။ ကြိုးကိုကိုင်ပြီး မည်သည့်အခါမျှဆွဲမထုတ်ပါနှင့်။
- တွဲလျက်အစိတ်အပိုင်းများကို ပြောင်းလဲတပ်ဆင်ခြင်းမပြုမီနှင့် အစိတ်အပိုင်းများကို မကိုင်မီခင် မီးခလုတ်ကိုပိတ်၍ ဆော့ကက်ပေါက်မှ ဆွဲချွတ်ရမည်။


## မော်ဒယ် ၃ မျိုး၏ကွဲပြားချက်များ

| | MX-AC300 | MX-AC220 | MX-AC210 |
|---|---|---|---|
| ရောနှောခွက် | ◯ | – | ◯ |
| ကြိတ်စက်ခွက် | ◯ | ◯ | – |
| ချတနီ(အချဥ်ရည်ဖျော်ခွက်) | ◯ | ◯ | ◯ |

## အစိတ်အပိုင်းများအကြောင်းရှင်းလင်းခြင်း

**ရောနှောခွက်**
(ရောစပ်/နှောခြင်းများအတွက်)

**ကြိတ်စက်ခွက်**
(အစိုအခြောက် ကြိတ်ခွဲခြင်း)




**ဘေးကင်းမှုအကာအကွယ်**



(အောက်ခြေမျက်နှာပြင်)

ခွက်၏လက်ကိုင်အောက်ခြေ
တို့ကို ပြင်ပအမှုန်အမွှားများ
တွယ်ကပ်ခြင်းမှရှောင်ကျဉ်ရန်
သန့်ရှင်းရေးစွာ ထားပါ။

- နနွင်းကို ခွက်နဲ့ ရောမွှေရန်အတွက် မသုံးပါနှင့်။
- အခြားခွက်များမှ ဓားများကို မသုံးပါနှင့်။
  (ဓားကို မှားယွင်းတပ်ဆင်ခြင်းသည် ရေလျှံခြင်း သို့မဟုတ် ယိုစိမ့်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။)

# ဘေးကင်းမှုအကာအကွယ်သော့


ဘေးကင်းမှုအကာအကွယ်သော့သည် ခွက်ကိုမော်တာကိုယ်ထည်တွင် တပ်ဆင်ရာတွင် အံဝင်ဂွင်ကျမှုမရှိပါက စက်လည်ပတ်ခြင်းကို တားမြစ်ပေးပါသည်။ ဘေးကင်းမှုအကာအကွယ်သော့၏ပင်းကို အတံအစရှိသည့်မည်သည့်အရာနှင့်မျှ အစားထိုးဖွင့်ခြင်း မပြုပါနှင့်။

ဘေးကင်းမှုအကာအကွယ်သော့ကို ပြင်ပအမှုန်အမွှားများ တွယ်ကပ်ခြင်းမှရှောင်ကျဉ်ရန် သန့်ရှင်းရေးစွာထားပါ။



မော်တာကိုယ်ထည်

ခလုတ်များ




လိုရာဖွင့်ပိတ်ခလုတ်

Pulse ခလုတ်ကိုလက်ချောင်းဖြင့်ဖိထားခြင်းဖြင့်စက်ကို လည်ပတ်စေပါသည်။ (စက်ရပ်ရန် ဖိထားသောလက်ချောင်းကို ဖြေလျော့ပေးရပါမည်)

ချတနီ(အချဉ်ရည်ဖျော်ခွက်)

(အစို/အခြောက် ကြိတ်ခွဲခြင်း)





ချတနီခွက်


- ချပ်တနေခွက်သည် ချပ်တနေဘလိတ်သွားနှင့် အခိုင်အမာတွယ်ကပ်ထားပြီးဖြစ်သည်။ ဖယ်ရှားခြင်းကို မပြုလုပ်ပါနှင့်။

## ဆက်စပ်ပစ္စည်းများ



ရိုးရိုးခွက်နှင့်ကြိတ်စက်ခွက်တို့ အတွက်အသုံးပြုရန်

အောက်ခံပွတ်တိုက်ပြား



ဘလိတ်သွားများ သို့မဟုတ် အောက်ခံပြား တို့ကိုဖြုတ်ရန်

ခွက်အတွင်းရှိအစားအစာများကို ဖယ်ရှားရန်အသုံးပြုသည်။

ဇွန်းပြား

# အစိတ်အပိုင်းများတပ်ဆင်ခြင်း/ဖြုတ်ခြင်း

## ဘလိတ် (ခွက်၊ ကြိတ်စက်ခွက်၊ အောက်ခံပွတ်တိုက်ပြား)

❶ ဘလိတ်ကိုခွက်
အတွင်းသို့ထည့်ပါ



❷ ခွက်အောက်ခြေရှိတွယ်
ချိတ်ကိုကိုင်ပါ

❸ ဇွန်းအပြားကိုအသုံးပြု၍ ဘလိတ်
(အမည်း) ကို တင်းကြပ်အောင်လှည့်ပါ
(ဘယ်ဘက်လှည့်)



● ပြန်လည်ဖြုတ်ရန်အတွက် တပ်ဆင်ခြင်းလမ်းညွှန်အတိုင်း ပြောင်းပြန်လုပ်ဆောင်ပါ

## အဖုံး

ဖြုတ်ခြင်း

❶ ခလုတ်ကို
နှိပ်ထားပါ

❷ အဖုံးကိုဖြုတ်ပါ



● ခလုတ်မနှိပ်မိဘဲ အဖုံးကိုအားဖြင့်အတင်းဆွဲဖြုတ်ပါက လက်ကိုင်ပျက်စီးနိုင်ပါသည်

# အသုံးပြုပုံ

## 1 ရောနှောကြိတ်မည့်အရာများကို ထည့်ပါ

မော်တာအိမ်ရှိခလုတ်များကို
မနှိပ်မိစေရန်သတိပြုပါ။

ခွက်ကိုမော်တာအိမ်ပေါ်တွင် တင်ထားပြီး အဖုံးကို
မည်သည့်အခါမျှ ဖွင့်ခြင်း၊ ပိတ်ခြင်းမလုပ်ပါနှင့်။
အထူးသဖြင့် မည်သည့်အခါမျှ မဖွင့်ပါနှင့်။ ခလုတ်အား
ပိတ်ပြီးသော်လည်း အတွင်းမှ ဘလိတ်သွားများသည်
ဆက်လက်ရွေ့လျားနေသေးသောကြောင့်ဖြစ်ပါသည်။

## 2 ပထမဆုံး အဖုံးကိုခွက်ပေါ်တင်ပါ၊ ပြီးလျှင် ခွက်ကိုမော်တာအိမ်ပေါ် တင်ပါ



တပ်ဆင်ခြင်း



● ချိတ်ကိုမိအောင်တွယ်ချိတ်ပြီးအဖုံးကို ပိတ်ထားပါ

## တားမြစ်ခြင်း

- အသုံးမပြုမီ ခွက်များနှင့်အဖုံးတို့ကိုသန့်ရှင်းရေးပြုလုပ်ပါ
- စက်ကိုခဏသာဖွင့်ပါ။ ၃ မိနစ်ရပ်နားပြီး ပြန်လည်ဖွင့်၍အသုံးပြုပါ။
- အများဆုံးဝင်ဆန့်နိုင်သောပမာဏထက်ကျော်လွန်၍ စက်ကိုဝန်မပိုပါစေနှင့်။ (အများဆုံးဝင်ဆန့်နိုင်သောပမာဏကိုသိရန် စာမျက်နှာ ၈ တွင်ပါသော လုပ်ဆောင်မှုလမ်းညွှန်ကိုကြည့်ပါ)
- ခွက်အတွင်း ဘာမျှမရှိပါဘဲ စက်ကိုမဖွင့်ပါနှင့် သို့မဟုတ် ခွက်မပါဘဲ စက်ကိုမဖွင့်ပါနှင့်။
- ခွက်အတွင်းသို့ ဇွန်း အစရှိသည်တို့ကို မထည့်ပါနှင့်။
- ခွက်အတွင်းသို့ ပူလောင်သောအရာများကိုမထည့်ပါနှင့်။
- ရောနှောခြင်း၊ ညက်အောင်လုပ်ဆောင်ခြင်း စသည့်သတ်မှတ်လုပ်ဆောင်ချက်တို့အတွက် သတ်မှတ်ထားသောခွက်ကိုသာအသုံးပြုပါ။ (စာမျက်နှာ ၈ တွင်ပါသော လုပ်ဆောင်မှုလမ်းညွှန်ကိုကြည့်ပါ)
- ဘလိတ်သွားများသည် အလွန်ထက်ပါသည်။ ဂရုစိုက်၍ကိုင်တွယ်ပါ။
- ရောနှောခွက်ထဲသို့ နှံနှင်းကို မထည့်ပါနှင့်။

## 3 ပလပ်ကိုထိုးပြီးမီးခလုတ်ကိုဖွင့်ပါ။ စက်ခုတ်မောင်းနေစဉ် အဖုံးကိုဖိထားပါ။



နောက်ထပ်အစာများကိုထည့်မည်ဆိုပါက မီးခလုတ်ကိုပိတ်ပါ။ ခွက်ကိုမော်တာကိုယ်ထည်မှဖယ်ရှားပြီး အဆင့် ၁ – ၃ အတိုင်း ပြန်လည်လုပ်ဆောင်ပါ။

## 4 အပိတ်ခလုတ်ကိုနှိပ်ပြီး ခွက်ကိုဖယ်ရှားပါ။ အတွင်းမှအစာများကို ခပ်ထုတ်ပါ။



အသုံးပြုပြီးပါက ခွက်ကိုဖြုတ်ထားပါ။

# လုပ်ဆောင်ချက်များအကြောင်းလမ်းညွှန်

| ခွက်အမျိုးအစား | လုပ်ဆောင်ချက် | အစားအစာ(ဥပမာ) | အနည်းဆုံးပမာဏ | အများဆုံးပမာဏ |
|---|---|---|---|---|
| ခွက်<br>(MX-AC220 အတွက်မပါ) | ညက်အောင်ကြိတ်ခြင်း | ကော်ဖီအေး၊ထောပတ်နို့၊ ကြက်ဥ၊ ခရင်မ် | ဘလိတ်သွားအထိ | ခွက်၏ ၃ ပုံ ၂ ပုံ |
| | ရောနှောခြင်းနှင့် အရည်ညစ်ခြင်း | သစ်သီးဖျော်ရည်များ၊ ဟင်းချိုရည်များ | ဘလိတ်သွားအထိ | ခွက်၏ ၃ ပုံ ၂ ပုံ |
| ကြိတ်စက်ခွက်<br>(MX-AC210 အတွက်မပါ) | အခြောက်ကြိတ်ခြင်း | (အများဆုံး ၈၀ ဂရမ်)<br>ဆန်၊ ပဲအမျိုးမျိုး၊ မာဆလာ၊ ဟင်းခပ်အမွှေးအကြိုင်အခြောက်၊ သကြား၊ ပေါင်မုန့်၊ အစေ့အဆန်၊ ကော်ဖီစေ့လှော် | ဘလိတ်သွားအထိ | ကြိတ်ခွက်၏တစ်ဝက် |
| | အစိုကြိတ်ခြင်း | မုန့်သား၊ အုန်းသီး၊ ကြက်သွန်နီ၊ မာဆလာအနှစ် စသဖြင့်။ | ဘလိတ်သွားအထိ | ကြိတ်ခွက်၏ ၃ ပုံ ၁ ပုံ |
| | စင်းကော | အသားစိမ်း၊ အသားချောင်းများနှင့် အသားအစာသွတ် | ဘလိတ်သွားအထိ | ကြိတ်ခွက်၏ ၃ ပုံ ၁ ပုံ |
| | ခြစ်ထုတ်ခြင်း | ကြက်သွန်နီ၊ ဥနီ၊ ဂေါ်ဖီနှင့် အခြားအသီးအနှံများ | ဘလိတ်သွားအထိ | ကြိတ်ခွက်၏တစ်ဝက် |
| | အခြောက်ကြိတ်ခြင်း | သကြား၊ ကော်ဖီစေ့၊ ဟင်းခပ် အမွှေးအကြိုင်များ၊ အစေ့အဆန်များ၊ | စားပွဲတင်ဇွန်း ၂ ဇွန်း (ကော်ဖီစေ့) | ခွက်၏တစ်ဝက် |
| *ချတနေခွက်(အချဉ်) | အစိုကြိတ်ခြင်း | မာဆလာအနှစ်၊ ကြက်သွန် စသဖြင့် | စားပွဲတင်ဇွန်း ၁ ဇွန်းခွဲစာနှင့် ရေအနည်းငယ | ခွက်၏တစ်ဝက် |
| | | ဂျင်း၊ ကြက်သွန်ဖြူအနှစ် | စားပွဲတင်ဇွန်း ၁ ဇွန်းခွဲစာနှင့် ရေအနည်းငယ် | ခွက်၏တစ်ဝက် |
| | | ဘိန်းစေ့အနှစ် | စားပွဲတင်ဇွန်း ၁ ဇွန်းခွဲစာနှင့် ရေအနည်းငယ် | ခွက်၏တစ်ဝက် |
| | | ဘိန်းစေ့နှင့်သီဟိုစေ့အနှစ် | စားပွဲတင်ဇွန်း ၁ ဇွန်းခွဲစာနှင့် ရေအနည်းငယ် | ခွက်၏တစ်ဝက် |
| | | အုန်းသီးအနှစ် | စားပွဲတင်ဇွန်း ၁ ဇွန်းခွဲစာနှင့် ရေအနည်းငယ် | ခွက်၏တစ်ဝက် |
| | | ပင်စိမ်းနှင့်တရုတ်နံနံပင် | စားပွဲတင်ဇွန်း ၁ ဇွန်းခွဲစာနှင့် ရေအနည်းငယ် | ခွက်၏တစ်ဝက် |


*ချတနေခွက်ကို ပမာဏသေးငယ်သော မာဆလာမှုန့်၊ အနှစ်နှင့်အချဉ်ရည်များကို အခြောက်နှင့်အစိုကြိတ်၍ဖျော်စပ်ရာတွင် အသုံးပြုပါသည်။

| မှတ်ချက် |
| --- |
| • ခရင်မ်များကို ညက်အောင်ပြုလုပ်ရာတွင် ထိန်းချုပ်ရပ်နားခလုတ်ကို အသုံးပြု၍ သမအောင်ကျေညက်စေပါ။<br>• ခရင်မ် သို့မဟုတ် ခရင်မ်ပါသောအရည်များကို လိုအပ်သည်ထက်ပို၍ မကြေညက်မိအောင်ထူးဂရုပြုရမည်။ အဘယ်ကြောင့်ဆိုသော် ခရင်မ်များသည် အခဲနှင့်အရည်ကြည်အဖြစ်သို့ခွဲခြား ပြောင်းလဲသွားနိုင်ပါသည်။<br>• ပုံမှန်စေးကပ်မှုအနေအထားဖြစ်စေရန် ကြက်ဥအကာ အနည်းဆုံး ၅ – ၆ လုံးလိုအပ်ပါသည်။ ခွက်နှင့်ဘလိတ်သွားများကို ခြောက်သွေ့မှုရှိမရှိနှင့် အဆီနှင့်စေးကပ်စေသောအရာများမရှိစေရန်ဂရုပြုရမည်။ ကြက်ဥအနှစ်အနည်းငယ်ရောသွားရုံဖြင့် ကြက်ဥအကာစေးကပ်မှုကို လျော့ကျစေပါသည်။ |
| • စပျစ်သီးကဲ့သို့သောအသီးများကို ကြိတ်ရာတွင် အစေ့များကြေမွမသွားစေရန် လွန်ကဲစွာကြိတ်ခြင်းမှရှောင်ကျဉ်ရမည်။ |
| • ကြိတ်လိုသည့်အရာများကို စိုထိုင်းခြင်းမှကင်းဝေးစေရမည်။ မကြိတ်မီ နေပူတွင်လှန်း၍သော်လည်းကောင်း၊ မီးနှင့်လှော်၍သော်လည်းကောင်း ခြောက်အောင်ပြုလုပ်ရမည်။<br>• ညီမျှစွာကြေညက်သော မာဆလာဖြစ်လာစေရန် နနွင်းနှင့်ကုလားပဲတို့ကဲ့သို့သော ပို၍မာသောအရာများကို<br>• မာကြောသောအရာများကိုကြိတ်ရာတွင် စက်ကိုလည်ပတ်နေစဉ် ကြားတွင် မကြာခဏရပ်နားပေးပါ။<br>• နနွင်းကိုကြိတ်မည်ဆိုပါက ဦးစွာ ၁ စင်တီမီတာအရွယ်အစားခန့် ဖြတ်တောက်ပါ။ နနွင်းကို အခြားသောအရာများနှင့် အမြဲရောစပ်၍ကြိတ်ပါ။ |
| • ကြိတ်ရာတွင် ကောင်းစွာကြေမွစေရန် မြန်နှုန်းခလုပ် ၁ သို့မဟုတ် ရပ်နားထိန်းချုပ်ခလုတ်ကို ဦးစွာအသုံးပြုပါ။ ရေကို လိုအပ်သလောက်ထည့်၍ မြန်နှုန်းခလုတ် ၂ ဖြင့်ကြိတ်ပါ။ ကြိတ်နေစဉ်အတွင်း စက်ကိုရပ်နား၍ အနှစ်များကို ဇွန်းပြားဖြင့် ခပ်ထုတ်ပါ။ အဖုံးကိုပြန်လည်တပ်ဆင်ပြီး အားလုံးပြီးဆုံးသည်အထိ ကြိတ်ပါ။ |
| • ခြစ်၍ကြိတ်ရာတွင် ရပ်နားထိန်းချုပ်ခလုတ်ကိုအသုံးပြုပါ။<br>• အလွန်အကျွံခြစ်၍ကြိတ်မိပါက အနှစ်အဖြစ်သို့ရောက်သွားနိုင်ပါသည်။ |
| • ရပ်နားထိန်းချုပ်ခလုတ်ကိုအသုံးပြုပြီး အလွန်အကျွံခြစ်ကြိတ်ခြင်းကို ရှောင်ကျဉ်ပါ။ |
| • ကြိတ်မည့်အရာများအားလုံး ခြောက်သွေ့ပြီးရေစွတ်စိုခြင်းမရှိရပါ။ |
| • အခြောက်နှင့်အစို (သီဟိုဠ်စေ့၊ ကုလားပဲ၊ ဂျင်း၊ ကြက်သွန်ဖြူနှင့် ငရုတ်သီးစိမ်း) ပါဝင်သော မာဆလာအနှစ်ကိုကြိတ်ရာတွင် ပါဝင်ပစ္စည်းအခြောက်များကို ဦးစွာ ချတနေခွက်သို့ထည့်၍ အမှုန့်ဖြစ်အောင် ကြိတ်ပါ။ ပြီးနောက် စိုစွတ်သောအရာများဖြစ်သည့် ငရုတ်သီး၊ ဂျင်း၊ ကြက်သွန်ဖြူနှင့် ရေအနည်းငယ်တို့ကို ထည့်၍ အနှစ်ဖြစ်အောင် ကြိတ်ပါ။<br>• ဂျင်းကိုဖြတ်ခြင်းနှင့်ကြက်သွန်ဖြူတို့ကိုအခွံနွှာခြင်း။ ချတနေခွက်အတွင်းသို့ထည့်ပါ။ ရပ်နားထိန်းချုပ်ခလုတ်ကိုအသုံးပြု၍ကြိတ်ပါ။ ပြီးလျှင် ရေအနည်းငယ်ရောစပ်၍အနှစ်ဖြစ်အောင်ကြိတ်ပါ။<br>• ဘိန်းစေ့ကိုအနည်းငယ်လှော်၍အမှုန့်ဖြစ်အောင်ကြိတ်ပါ။ ပြီးလျှင် ရေအနည်းငယ်ရောစပ်၍ အနှစ်ဖြစ်အောင်ကြိတ်ပါ။<br>• ဘိန်းစေ့ကိုအနည်းငယ်လှော်ပြီး ချတနေခွက်သို့ထည့်ကာ အမှုန့်ဖြစ်အောင်ကြိတ်ပါ။ ပြီးလျှင် ရေအနည်းငယ်ရောစပ်၍ အနှစ်ဖြစ်အောင်ကြိတ်ပါ။<br>• ပါဝင်ပစ္စည်းများကို ချတနေခွင့်အတွင်းထည့်၍ အမှုန့်ဖြစ်အောင်ကြိတ်ပါ။ ပြီးလျှင် ရေအနည်းငယ်ရောစပ်၍ အနှစ်ဖြစ်အောင်ကြိတ်ပါ။<br>• ပြုလုပ်နည်းအရ ထူပြစ်သောအရာဖြစ်သည့် အုန်းသီး သို့မဟုတ် ကုလားပဲ စသည်တို့မပါဝင်ပါက ရေထည့်ရန်မလိုအပ်ပါ။ ပါဝင်ပစ္စည်းများကို ဆားခပ်၍ ချတနေခွက်သို့ထည့်ပါ။ (ဆားသည် အရွက်များမှအစိုဓာတ်ကိုထွက်စေပြီး ကြိတ်ရာတွင် လွယ်ကူချောမွတ်စေပါသည်)။ ထိန်းချုပ်ရပ်နားခလုတ်ကိုအသုံးပြု၍ အနှစ်ဖြစ်အောင်ကြိတ်ပါ။ |

# သန့်ရှင်းရေးပြုလုပ်ပုံ

**သတိပြုပါ**

- ဘလိတ်သွားများကို သတိဖြင့်ဖြုတ်၍ကိုင်တွယ်ပါ။
- ဆပ်ပြာအရည်ကို ရေနှင့်ရောစပ်၍ ပျော့ပျောင်းသောအဝတ်စကို အသုံးပြုပါ။ ဘန်ဇင်း၊ တင်နာ၊ သန့်စင်ဆေးရည်၊ တိုက်ချွတ်အဝတ်စများ စသည်တို့ကို အသုံးမပြုပါနှင့်။ (မျက်နှာပြင်ကိုပျက်စီးစေတတ်ပါသည်)
- ၆၀ ဒီဂရီဆဲလ်စီးယပ်ထက်ကျော်လွန်သောရေပူ သို့မဟုတ် ပန်ကန်ဆေးရည်တို့ကို အသုံးမပြုပါနှင့်။



အဝတ်စအပျော့/ဖော့ကိုအသုံးပြု၍ဆေးကြောပါ

ခွက်ကိုအသုံးမပြုမီ ကြိုတင်ဆေးကြောရန်
(ကြိုတင်ဆေးကြောခြင်းသည် ကြိတ်စက်ခွက်နှင့် ချတနေခွက်တို့အတွက် မလိုအပ်ပါ)

❶ ခွက်အတွင်းသို့ အနည်းငယ်နွေးသောရေ ၂၅၀ မီလီကို ထည့်ပါ။

❷ ခွက်အတွင်းသို့ အနည်းငယ်နွေးသောရေ ၂၅၀ မီလီကို ထည့်ပါ။ (*)ခလုတ်ကိုနှိပ်ပြီး
၁၀ စက္ကန့်ခန့်စက်ကို လည်ပတ်စေပါ။




❸ မီးခလုတ်ပိတ်ပြီး ပလပ်ကိုဖြုတ်ပါ။

❹ ခွက်ကိုဖြုတ်၍ ရေကိုသွန်ပစ်ပါ။

ဘလိတ်သွားများကိုသန့်စင်ခြင်း



လက်ကိုင်ပါသောဘရပ်ရှ်ဖြင့်ဆေးကြောပါ။
လက်သို့မဟုတ်လက်ချောင်းများထိရှခြင်းမှ ရှောင်ကျဉ်ရန် ဂရုတစိုက်ကိုင်တွယ်ပါ။




မော်တာအိမ်ကိုယ်ထည်ကို ရေကောင်းစွာညှစ်ထားသော အဝတ်စိုဖြင့် သုတ်ပါ။

# ချို့ယွင်းချက်ရှာဖွေရှင်းပေးခြင်း


| အကယ်၍ | ဖြစ်နိုင်ချေအကြောင်းအရာ | ပြင်ဆင်ရန် |
|---|---|---|
| စက်ကိုဖွင့်၍မရပါက<br>စက်ရပ်တန့်သွားပါက | • ခွက်ကို အံဝင်ဂွင်ကျတပ်ဆင်ထားပါသလား?<br>• အဖုံးကို အံဝင်ဂွင်ကျတပ်ဆင်ထားပါသလား? | • ခွက်ကိုခလုတ်မိသည်အထိ လှည့်ပါ။<br>• အဖုံးကို အောက်သို့ရောက်အောင် သေချာဖိပါ။ (စာမျက်နှာ ၇) |
| ခလုတ်ဖွင့်သော်လည်း<br>စက်မလည်သောအခါ | • ပလပ်ကောင်းစွာမိပါသလား?<br>• ပါဝင်ပစ္စည်းများပြည့်ကျပ်နေပါသလား? | • ပလပ်ကိုကောင်းစွာ ထိုးသွင်းပါ။<br>• ပါဝင်ပစ္စည်းအားလုံးကို ခွက်မှ ဖယ်ရှားပြီး တစ်ဖန်ပြန်လည်ထည့်ပါ။ |
| အသုံးပြုနေစဉ် စက်ရပ်သွားပါက | • အကာအကွယ်ပေးသော ဆားကစ်ဘရိတ်ကာ ဖွင့်ထားပါသလား?<br>- ပါဝင်ပစ္စည်းများပြည့်ကျပ်ခြင်း<br>- မာကြောသောပါဝင်ပစ္စည်းများ<br>- စက်သံလွန်ကဲစွာမြည်ခြင်း သို့မဟုတ် ဆူညံခြင်း | • "အကာအကွယ်ပေးသောဆားကစ်ဘရိတ်ကာ" အသုံးပြုပုံလမ်းညွှန်ကို လိုက်နာပါ။ (အောက်တွင်ကြည့်ပါ) |
| ပါဝင်ပစ္စည်းများ အပေါ်မှ ယိုစိမ့်ခြင်း | • အဖုံးလေလုံကြားခံတပ်ဆင်ထားပါသလား? | • အဖုံးလေလုံကြားခံကို သေချာ တပ်ဆင်ပါ။ |

# အကာအကွယ်ပေးသောဆားကစ်ဘရိတ်ကာ


1 ပါဝင်ပစ္စည်းများပြည့်ကျပ်မှုကြောင့် ဆားကစ်ဘရိတ်ကာသည် မော်တာကိုအလိုအလျောက် ရပ်တန့်လိုက်ပါက အပိတ်(Off) ခလုတ်ကိုနှိပ်ပါ။



2 ခွက်ကိုဖြုတ်၍ ပါဝင်ပစ္စည်းများကို ထက်ဝက်ခန့် ဖယ်ရှားလိုက်ပါ။



3 ၂- ၃ မိနစ်ခန့်ကြာပြီးလျှင် မော်တာအိမ်ကိုယ်ထည်ကို မှောက်၍ အောက်ခြေမျက်နှာပြင်ရှိခလုတ်ကိုတွန်းပါ။ စက်ကိုနောက်တစ်ကြိမ်ပြန်လည်အသုံးပြုနိုင်ပါပြီ။



# အသေးစိတ်ခွဲခြားဖော်ပြပေးခြင်း

| မော်ဒယ် | | MX-AC300 | MX-AC220 | MX-AC210 |
|---|---|---|---|---|
| မီးအား | | | | |
| မီးအားသုံးစွဲမှု | | | | |
| အကာအကွယ် | | ဆားကစ်ဘရိတ်ကာ | | |
| သတ်မှတ်ချက် | | ၃၀ မိနစ် | | |
| အရာဝတ္ထု | ကိုယ်ထည် | ပလိပ်စတစ်(ABS) | | |
| | ခွက် | ပလိပ်စတစ်(ပိုလီကာဗွန်နိတ်) | မဖော်ပြထားပါ | ပလိပ်စတစ်(ပိုလီကာဗွန်နိတ်) |
| | ကြိတ်စက်ခွက် | စတီးလ်စစ်စစ် | | မဖော်ပြထားပါ |
| | ချတနေခွက် | စတီးလ်စစ်စစ် | | |
| | အဖုံး | ပလိပ်စတစ်(ပိုလီကာဗွန်နိတ်) | | |
| | ဘလိတ်သွား | စတီးလ်စစ်စစ်အမာသား | | |
| မြန်နှုန်းထိန်းချုပ်မှု | | ရပ်နားထိန်းချုပ်ခလုတ် ၁ ခု၊ မြန်နှုန်းခလုတ် ၃ ခုနှင့် အပိတ်ခလုတ် ၁ ခု | | |
| ပမာဏ | | | | |
| ခွက် | အများဆုံး | ၁ လီတာ (အစိုသီးသန့်) | မဖော်ပြထားပါ | ၁ လီတာ (အစိုသီးသန့်) |
| ကြိတ်စက်ခွက် | အများဆုံး | ၀.၅ လီတာ (အခြောက်) / ၀.၃ လီတာ (အစို) | | မဖော်ပြထားပါ |
| ချတနေခွက် | အများဆုံး | ၀.၂ လီတာ | | |
| အလေးချိန် | | ၄.၆ ကီလိုဂရမ် | ၃.၉ ကီလိုဂရမ် | ၃.၉ ကီလိုဂရမ် |
| ဆက်စပ်ပစ္စည်း | | ဇွန်ပြား၊ အောက်ခံပွတ်တိုက်ပြား | | |

**Panasonic Home Appliances Co., Ltd.**